အသင်တို့သည် မုချဧကန် မိမိတို့မတိုင်မီ

ရှိခဲ့ကြသောသူတို့၏ လမ်းစဉ်ကို လိုက်ကြလိမ့်မည်။

တစ်ထွာချင်း တစ်ထွာချင်း၊ တစ်တောင်ချင်း

တစ်တောင်ချင်း

အဗူစအီးဒ်ခုဒ်ရီ(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ အသင်တို့သည်
မုချဧကန် မိမိတို့မတိုင်မီ ရှိခဲ့ကြသောသူတို့၏ လမ်းစဉ်ကို လိုက်ကြလိမ့်မည်။
တစ်ထွာချင်း တစ်ထွာချင်း၊ တစ်တောင်ချင်း တစ်တောင်ချင်း (ထပ်တူထပ်မျှ ဖဝါးခြေထပ်) လိုက်ကြလိမ့်မည်။ ထိုသူတို့သည် ဖွတ်တွင်းထဲသို့ ဝင်ခဲ့ကြလျှင်ပင် အသင်တို့သည်ထိုတွင်းထဲသို့ လိုက်ဝင်ကြပေလိမ့်မည်။'' ထိုအခါ ကျွန်ုပ်တို့က ''အို-
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ (ထိုသူတို့ဆိုသည်မှာ) ယဟူဒီ (ဂျူး)များနှင့်နစ်ွရာနီ(ခရစ်ယာန်)များကို ဆိုလိုခြင်းဖြစ်ပါသလား''ဟု မေးမြန်းလျှောက်ထားကြသည်။
ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က '' (၎င်းတို့မဟုတ်ရင်) အခြားမည်သူဖြစ်မည်နည်း'' ဟု မိန့်ကြားတော်မူခဲ့သည်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏ နောက်ပိုင်းကာလတွင်မိမိ၏အွမ္မသ်သားများအနက် အချို့၏အခြေအနေသည် ယဟူဒီများနှင့် နစ်ွရာနီများ၏ယုံကြည်ချက်များ၊ လုပ်ရပ်များ၊ ထုံးတမ်း စဉ်လာများနှင့် ဓလေ့ထုံးတမ်းများကိုတစ်ထွာချင်း တစ်ထွာချင်း၊ တစ်တောင်ချင်း တစ်တောင်ချင်း (ထပ်တူ ထပ်မျှ ဖဝါး ခြေထပ်) လိုက်ကြလိမ့်မည်ဖြစ် ကြောင်း၊ နောက် ဆုံး ထိုသူတို့သည် ဖွတ်တွင်းထဲသို့ဝင်ခဲ့ကြလျှင်ပင် ၎င်း (မွတ်စ်လင်မ်) တို့သည် ထိုတွင်းထဲသို့ ထိုသူတို့၏ အနောက်မှလိုက်ဝင်ကြပေလိမ့်မည်ဖြစ်ကြောင်း အသိပေးမိန့်ကြားတော်မူခဲ့သည်။

https://sunnah.global/hadeeth/my/show/3355